+ ၂၀၁၃ ခုနှစ်
ဇူလိုင်လ
၁၆ ရက်

**တရားမအယူခံမှု**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး**
**ဦးစိုးညွှန့်ရှေ့တွင်**

**ဦးပန်းဦး ပါ - ၅**
**နှင့်**
**ဒေါ်ကျင်ရွှေ ပါ- ၃ ***

**တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၈၆ ။ တရားမဇာရီမှုတွင် အချင်းဖြစ်ပစ္စည်းကို လေလံတင်ရောင်းချရာ၌ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၇၂ အရ ဝယ်ယူသည့် အဖိုးငွေကို ခုနှိမ်ခွင့်ရထိုက်သူ တရားနိုင်သည် ဝယ်ယူသည့်အဖိုးငွေ၏ ၂၅% ကို ပေးသွင်းခြင်းမှ ကင်းလွတ်ခွင့်ရခြင်း၊ ကျန်ငွေ ၇၅%ကို သတ်မှတ်သည့်ကာလတွင် ပေးသွင်းရန် ပျက်ကွက်ပါက ခုနှိမ်ခွင့်ပြုထားသည့်ဒီကရီကျငွေ၏ ၂၅%ကို အစိုးရဘဏ္ဍာငွေအဖြစ်သိမ်း ယူခွင့်ရှိ မရှိ။**

---

* ၂၀၁၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅၈

\+ ၂၀၁၂ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၃၂ တွင် ချမှတ်သော ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၂၀၁၃
ဦးပန်းဦး ပါ ၅
နှင့်
ဒေါ်ကျင်ရွှေ ပါ ၅

**ဆုံးဖြတ်ချက်** ။ ။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်းဥပဒေ ၈၅ အရ လေလံတင်ရောင်းချသည့်နေ့ရက်မှ တစ်ဆယ့်ငါးရက်ပြည့်မြောက်သောနေ့တွင် ဝယ်ယူသည့် အဖိုးငွေ အပြေအကျေကို ရုံးချိန်မကုန်မီအတွင်း တရားရုံးတွင် ပေးချေရမည်ဖြစ်သည်။ ဝယ်ယူသည့် အဖိုးအခ အပြေအကျေကို ရောင်းချသည့်နေ့မှ တစ်ဆယ့်ငါးရက်ပြည့်မြောက်သည့်နေ့၌ ရုံးချိန်မကုန်မီအချိန်အတွင်း ဝယ်ယူသူက တရားရုံးတွင် ပေးချေရမည်ဆိုသော ပြဋ္ဌာန်းချက်မှာ မလွဲမသွေ လိုက်နာရမည်ဆိုသော ပြဋ္ဌာန်းချက်ပင်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၈၅ တွင် ဖော်ပြပါရှိသည့် ကာလအတွင်း ပေးသွင်းရန် ပျက်ကွက်သောအခါ တရားရုံးသည် သင့်သည်ထင်မြင်လျှင် ရောင်းချရာတွင် ကုန်ကျသည့်စရိတ် နုတ်ယူပြီးနောက် ပေးသွင်းငွေကို အစိုးရဘဏ္ဍာငွေအဖြစ် သိမ်းယူနိုင်ကြောင်းနှင့် ယင်းပစ္စည်းကို ပြန်လည်ရောင်းချရမည်ဖြစ်ကြောင်း အထက်ပါ ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၈၆ တွင် ပြဋ္ဌာန်းထားသည်။

ယခုအမှုတွင် တရားနိုင်များသည် လေလံတင်ရောင်းချသော ပစ္စည်းကို ဝယ်ယူခဲ့သည်ဆိုသော်လည်း ဒီကရီအရ ၎င်းတို့ရထိုက်သော ငွေကျပ်သိန်း ၅၀ ကို ခုနှိမ်ခွင့်ရပြီး ဝယ်ယူသည့်အဖိုးငွေ၏ ၂၅ ရာခိုင်နှုန်းကိုပေးသွင်းခြင်းမှ ကင်းလွတ်ခွင့်ရထားသူများဖြစ်သည်။ လေလံဆွဲဝယ်သူ တရားနိုင်များသည် လေလံပစ္စည်းကို ဝယ်ယူရာတွင် တရားရုံးသို့ ငွေကြေး တစ်စုံတစ်ရာ ပေးသွင်းထားခဲ့ခြင်းမရှိပေ၊ ခုနှိမ်ခြင်းနှင့်ငွေပေးသွင်းခြင်း သည် တူညီခြင်းမရှိပေ။ ခုနှိမ်ခြင်းဆိုသည်မှာ ဒီကရီကျငွေကို ဝယ်ယူသည့်

၂၀၁၃
ဦးပန်းဦး ပါ ၅
နှင့်
ဒေါ်ကျင်ရွှေ ပါ ၅

အဖိုးငွေနှင့် ခုနှိမ်ခြင်းဖြစ်သည်။ ယင်းသို့ ခုနှိမ်ခွင့်ပြုပါက ဒီကရီ အတည်ပြုသည့် တရားရုံးသည် ဒီကရီတစ်ရပ်လုံးကို သို့မဟုတ် တစ်စိတ်တစ်ဒေသ ကျေအေးပြေငြိမ်းကြောင်းကို ယင်းခုနှိမ်ချက်နှင့်အညီ ရေးမှတ်ရသည်။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊နည်းဥပဒေ ၇၂ ကို ကြည့်ပါ။ သို့ဖြစ်ရာ ခုနှိမ်ခြင်းတွင် ငွေပေးခြင်းမရှိကြောင်းမြင်သာသည်။ ပေးသွင်းခြင်းမရှိ၍ အစိုးရဘဏ္ဍာအဖြစ် သိမ်းယူရန် ငွေမရှိပေ။

| | |
|---|---|
| အယူခံတရားလိုအတွက် | - ဦးနေထွန်းကြည် တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားပြိုင် (၁) အတွက် | - ကိုယ်တိုင် ရေးသားလျှောက်လဲချက်တင်သည်။ |
| အယူခံတရားပြိုင် (၂) အတွက် | - ကိုယ်တိုင်(မလာ) |
| အယူခံတရားပြိုင် (၃) အတွက် | - ကိုယ်တိုင် ရေးသားလျှောက်လဲချက်တင်သည်။ |

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ၂၀၁၁ ခုနှစ်၊ တရားမဇာရီမှု အမှတ် ၂၁၆ တွင် အချင်းဖြစ်ပစ္စည်းအား လေလံဆွဲဝယ်ရာတွင် အယူခံတရားလိုများ (တရားနိုင်များ) ကို ခုနှိမ်ခွင့်ပြုထားခဲ့သည့် တရားနိုင်များ၏ ဒီကရီကျငွေ ကျပ်သိန်း ၅၀ ကို တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၈၆ အရ အစိုးရဘဏ္ဍာအဖြစ်သိမ်းစေရန်နှင့် ပစ္စည်းကို ပြန်လည်ရောင်းချစေရန် ချမှတ်ခဲ့သောအမိန့်ကို တရားနိုင်ဦးပန်းဦးတို့က မကျေနပ်သဖြင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၂ ခုနှစ်၊

၂၀၁၃
ဦးပန်းဦး ပါ ၅
နှင့်
ဒေါ်ကျင်ရွှေ ပါ ၅

တရားမအထွေထွေအယူခံမှုအမှတ် ၃၂ ကို တင်သွင်းခဲ့သော်လည်း အောင်မြင်မှုမရ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤအယူခံမှုကို ဆက်လက် တင်သွင်းလာခြင်းဖြစ်သည်။

အယူခံတရားလိုများ၏ ရှေ့နေက မူလဇာရီရုံးတော်နှင့် အယူခံရုံးတော်တို့က ဝယ်ယူသူ သူတစိမ်းနှင့် ပတ်သက်သော တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၈၄ (၁) နှင့် ၈၅ ပထမပိုင်းတို့ကို ကြည့်ရှုသုံးသပ်ပြီး အမွေဆိုင်တရားနိုင်များနှင့် သက်ဆိုင်သော နည်းဥပဒေ ၈၄ (၂) နှင့် နည်းဥပဒေ ၈၅ ၏ ဒုတိယပိုင်းတို့ကို ထည့်သွင်းစဉ်းစားခြင်းမရှိ ကြောင်း၊ ယခုအမှုတွင် ခုနှိမ်ထားသည့် အမွေပုံပစ္စည်းသာရှိပြီး ဝယ်ယူသည့်ငွေ (Purchase)၊သွင်းထားငွေ (Deposit)၊ ပေးသွင်းငွေ (Payment) မရှိသေးသည့် အခြေအနေတွင် ခုနှိမ်ထားသည့် အမွေပုံပစ္စည်းကို ဝယ်ယူသည့် ပေးသွင်းငွေ ကျပ်သိန်း ၅၀ ဟု မူလဇာရီရုံးက သတ်မှတ်ပြီး တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၈၆ အရ အစိုးရဘဏ္ဍာအဖြစ် သိမ်းခြင်းမှာ အမှုတွဲရှိ တရားနိုင်များပိုင်သော အမွေပုံပစ္စည်းကို သိမ်းခြင်းဖြစ်၍ ဥပဒေအရမှားယွင်းကြောင်း၊ တရားနိုင်များကအမိန့် ၂၁၊ နည်းဥပဒေ ၈၄ (၂) အရ ငွေပေးသွင်းခြင်းကို ကင်းလွတ်ခွင့်ပြု၍ မသွင်းခဲ့ကြောင်း၊ ကျန် ၇၅ ရာခိုင်နှုန်းကို ပေးသွင်းခွင့်ပြုရန် လျှောက်ထားသောအခါ မူလဇာရီရုံးက ၂၄-၂-၂၀၁၂ ရက်နေ့တွင် ရောင်းကြေးငွေ၏ ၇၅ ရာခိုင်နှုန်းကို အမိန့်ချမှတ်သည့်နေ့မှ ၇ ရက်အတွင်း ၁-၃-၂၀၁၃ နေ့ နောက်ဆုံးထား၍ ပေးသွင်းရန် အမိန့်ချမှတ်သောအခါ တရားနိုင်များက ၇ ရက်အတွင်း မပေးသွင်းနိုင်ဆိုသော အကြောင်းကြောင့် အမွေပုံ ၄ ပုံ ၁ ပုံဖြစ်သော အမွေပုံပစ္စည်းကျပ်သိန်း ၅၀ ကို အစိုးရဘဏ္ဍာသိမ်းစေခြင်း

၂၀၁၃
ဦးပန်းဦး ပါ ၅
နှင့်
ဒေါ်ကျင်ရွှေ ပါ ၅

မှာ မှားယွင်းကြောင်း၊ သို့ဖြစ်၍ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးနှင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တို့၏ စီရင်ချက်နှင့် အမိန့်တို့ကို ပယ်ဖျက်ပေးရန်နှင့် တရားနိုင်များက လေလံကျန်ငွေကျပ် သိန်း ၁၅၀ ပေးသွင်းခွင့်ပြုရန် လျှောက်ထားသည်။

အယူခံတရားပြိုင်အမှတ် (၁) ဒေါ်ကျင်ရွှေက အချင်းဖြစ်တိုက်ခန်းမှာ ၎င်း၏လက်ဝယ်ရှိကြောင်း၊ မိဘအမွေအနှစ်တိုက်ခန်းကို သူတစိမ်းက ဝယ်ယူပိုင်ဆိုင်မည်ကို မလိုလားကြောင်း၊ အယူခံတရားလိုတို့ လျှောက်ထားသည့်အတိုင်း လေလံကျန်ငွေကျပ် သိန်း ၁၅၀ ဆက်လက်ပေးသွင်းစေသော အမိန့်ချမှတ်ပေးရန် လျှောက်ထားသည်။

အယူခံတရားပြိုင် အမှတ် (၂) ဒေါ်မြရှိန်အတွက် ကိုယ်တိုင်သော်လည်းကောင်း၊ ၎င်း၏ အခွင့်ရကိုယ်စားလှယ်သော်လည်းကောင်း လာရောက်ခြင်းမရှိပေ။

အယူခံတရားပြိုင်အမှတ် (၃) ဒေါ်တင်စိန်၏ အခွင့်ရကိုယ်စားလှယ် ဒေါ်စန်းစန်းမြင့်က အမွေပုံပစ္စည်း အားဈေးနှုန်းသတ်မှတ်၍ လေလံတင်ရောင်းချသည့်အချိန်၌ လေလံစည်းကမ်းအတိုင်းသာ လိုက်နာရမည်ဖြစ်ကြောင်း၊ အယူခံတရားလိုများ (တရားနိုင်များ) သည် လေလံပစ္စည်းဝယ်ယူရာ၌ ဈေးနှုန်းသတ်မှတ်ချက်ကို သဘောတူသည့်အလျောက် ခုနှိမ်ဝယ်ယူခြင်းသည် ဝယ်ယူသည့်ပစ္စည်းအပေါ် စရန်သတ်မှတ်ခြင်းဖြစ်ကြောင်း၊ ပစ္စည်းတန်ဖိုးကျပ်သိန်း ၂၀၀ အပေါ် ကျပ်သိန်း ၅၀ စရန်သတ်ထားခြင်းဖြစ်၍ ကျန် ကျပ်သိန်း ၁၅၀ ကို ၁၅ ရက်အတွင်းပေးချေရန် ကတိဝန်ခံထားခြင်းဖြစ်ကြောင်း၊ အယူခံ

၂၀၁၃
ဦးပန်းဦး ပါ ၅
နှင့်
ဒေါ်ကျင်ရွှေ ပါ ၅

တရားလိုများသည် ၎င်းတို့၏ကတိအတိုင်းကျပ် သိန်း ၁၅၀ ကို အချိန်မီပေးအပ်ရန် အကြိမ်ကြိမ်ကတိပျက်ခြင်းကြောင့် ပေးထားသော စရန်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းမှာ မှားယွင်းခြင်းမရှိ၍ အောက်ရုံးအမိန့်များကို ပယ်ဖျက်ပေးရန် လျှောက်ထားချက်ကို လက်မခံသင့်ကြောင်း တင်ပြသည်။

ရန်ကုန်တိုင်းတရားရုံး ၂၀၀၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၂၂ တွင် ချမှတ်ခဲ့သော ဒီကရီကို အတည်ပြုပေးရန် ယခုအမှုမှ အယူခံတရားလိုများဖြစ်သည့် တရားနိုင်ဦးပန်းဦး၊ ဒေါ်ခင်ခင်စန်း၊ ဒေါ်တင်တင်ညွန့်၊ ဦးစိုးထိုက်၊ ဒေါ်နုနုသန်းတို့က လျှောက်ထား၍ ရန်ကုန်တိုင်းတရားရုံး ၂၀၀၆ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၄၃ ဖြင့် ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။ အဆိုပါ အမှုတွဲ၏ မှတ်တမ်းများအရ ယခုအမှု၏အချင်းဖြစ်ပစ္စည်းအား ၂၀-၁၂-၂၀၁၀ ရက်နေ့တွင် လေလံတင်ရောင်းချရာ တရားနိုင်အမှတ် (၄) ဦးစိုးထိုက် (အယူခံတရားလိုအမှတ်-၄)မှ တရားနိုင်အားလုံး ကိုယ်စားကျပ်သိန်း ၂၀၀ ဖြင့် လေလံဆွဲဝယ်ယူသည်။

တရားရုံးက အဆိုပါတန်ဖိုးငွေအနက် တရားနိုင်များရထိုက်ခွင့်ရှိသော ငွေ ၄ ပုံ ၁ ပုံဖြစ်သည့် ငွေကျပ် သိန်း ၅၀ ကို တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၇၂ နှင့် နည်းဥပဒေ ၈၄ (၂) တရားရုံးများလက်စွဲအပိုဒ် ၂၅၆ တို့အရ ခုနှိမ်ခွင့်ပြုခဲ့သည်။ လေလံဆွဲဝယ်ယူသည့် အဖိုးငွေ၏ ၇၅ ရာခိုင်နှုန်းကို ပေးသွင်းပြီးကြောင်း အစီရင်ခံတင်ပြရန် ၁၁-၁-၂၀၁၁ ရက်နေ့သို့ ချိန်းဆိုပေးခဲ့သည်။ ၃၀-၁-၂၀၁၁ ရက်နေ့တွင်

၂၀၁၃
ဦးပန်းဦး ပါ ၅
နှင့်
ဒေါ်ကျင်ရွှေ ပါ ၅

ဘိလစ်က တရားနိုင်များသည် လေလံဆွဲဝယ်ယူသည့် အဖိုးငွေ၏ ၇၅ ရာခိုင်နှုန်းကို ပေးသွင်းခြင်းမရှိကြောင်း အစီရင်ခံစာတင်ပြခဲ့သည်။

ထို့နောက် တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာတိုးမြှင့်သတ်မှတ်ခြင်းကြောင့် အဆိုပါဇာရီမှုသည် ရန်ကုန်တိုင်းအရှေ့ပိုင်းခရိုင်တရားရုံး ၂၀၁၁ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၂၁၆ ဖြစ်လာသည်။ ၂၂-၁၂-၂၀၁၁ ရက်နေ့တွင် တရားနိုင်များက လေလံဆွဲဝယ်ယူသည့် အဖိုးငွေ၏ ၇၅ ရာခိုင်နှုန်းကို ပေးသွင်းခွင့်ပြုရန် လျှောက်ထားခဲ့သည်။ ၂၄-၁၂-၂၀၁၂ ရက်နေ့တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးက တရားနိုင်များပေးသွင်းရန် ကျန်သည့် ဝယ်ယူသည့်အဖိုးငွေ၏ ၇၅ ရာခိုင်နှုန်းကို ပေးသွင်းခွင့်ပြုကြောင်း အမိန့်ချမှတ်ပြီး အဆိုပါ ငွေပေးသွင်းပြီးကြောင်း အမိန့်ချသည့်နေ့မှ ၇ ရက်အတွင်း တင်ပြရန် အမိန့်ချမှတ်ခဲ့သည်။ သို့ရာတွင် တရားနိုင်များက ပေးသွင်းခြင်းမရှိဘဲ ရက်ချိန်း ထပ်မံခွင့်ပြုရန်လျှောက်ထားရာ ၁၄-၃-၂၀၁၂ ရက်နေ့တွင် တရားနိုင်များသည် ငွေအပြေအကျေပေးသွင်းရမည့် ငွေကျပ် သိန်း ၁၅၀ ကို နည်းလမ်းတကျအချိန်မီ ဝီရိယစိုက်ထုတ်ကာ ပေးသွင်းခဲ့ခြင်းမရှိဘဲ ပျက်ကွက်ခဲ့သည့်အတွက် တရားနိုင်များ၏ ဒီကရီကျငွေဖြင့် ခုနှိမ်ခွင့်ပြုထားသည့် လေလံတန်ဖိုး ၂၅ ရာခိုင်နှုန်းဖြစ်သည့် တရားနိုင်၏ဒီကရီကျငွေ ကျပ်သိန်း ၅၀ ကို တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၈၆ အရ အစိုးရဘဏ္ဍာအဖြစ်သိမ်းဆည်းစေရန်နှင့် ပစ္စည်းကိုပြန်လည်ရောင်းချစေရန် အမိန့်ချမှတ်ခဲ့သည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်းဥပဒေ ၈၄ အရ မရွှေ့

မပြောင်းနိုင်သောပစ္စည်းကို ရောင်းချရာတွင် ဝယ်သူအဖြစ်ကြေညာခြင်းခံရသူသည် ဝယ်ယူသည့် အဖိုးစားနား၏ ၂၅ ရာခိုင်နှုန်းကို ရောင်းချမှုဆောင်ရွက်သော အရာရှိထံ သို့မဟုတ် အခြားသူထံ ထိုသို့ ကြေညာပြီးနောက် ချက်ချင်းပေးသွင်းရမည်ဖြစ်ပြီး ပေးသွင်းရန်ပျက်ကွက်ပါက ထိုပစ္စည်းကိုချက်ချင်း ပြန်လည်ရောင်းချရမည်ဖြစ်သည်။

၂၀၁၃
ဦးပန်းဦး ပါ ၅
နှင့်
ဒေါ်ကျင်ရွှေ ပါ ၅

သို့ရာတွင် တရားနိုင်သည် ဝယ်ယူသူဖြစ်၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၇၂ အရ ဝယ်ယူသည့် အဖိုးငွေကို ခုနှိမ်ခွင့်ရထိုက်သူဖြစ်လျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၈၄ (၂) အရ ဝယ်ယူသူသည် ၎င်းပေးသွင်းရမည့် ဝယ်ယူသည့် အဖိုးငွေ၏ ၂၅ ရာခိုင်နှုန်းကို ပေးသွင်းခြင်းမှ ကင်းလွတ်ခွင့်ရနိုင်သည်။ ဤပြဋ္ဌာန်းချက်နှင့်အညီ ရန်ကုန်တိုင်းတရားရုံးက ဝယ်ယူသည့် အဖိုးစားနား၏ ၂၅ ရာခိုင်နှုန်းကို အချင်းဖြစ်ပစ္စည်းတွင် တရားနိုင်များရထိုက်ခွင့်ရှိသည့် ငွေဖြစ်သော ငွေကျပ် သိန်း ၅၀ ဖြင့် ခုနှိမ်ခွင့်ပြုခဲ့သည်ကိုတွေ့ရသည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၈၅ အရ လေလံတင်ရောင်းချသည့်နေ့ရက်မှ တစ်ဆယ့်ငါးရက်ပြည့်မြောက်သောနေ့တွင် ဝယ်ယူသည့် အဖိုးငွေအပြေအကျေကို ရုံးချိန်မကုန်မီအတွင်း တရားရုံးတွင် ပေးချေရမည်ဖြစ်သည်။ ဝယ်ယူသည့်အဖိုးအခအပြေအကျေကို ရောင်းချသည့်နေ့မှ တစ်ဆယ့်ငါးရက်ပြည့်မြောက်သည့်နေ့၌ ရုံးချိန်မကုန်မီအချိန်အတွင်း ဝယ်ယူသူက တရားရုံးတွင် ပေးချေရမည်ဆိုသော ပြဋ္ဌာန်းချက်မှာ မလွှဲမသွေ လိုက်နာရမည့် ပြဋ္ဌာန်းချက်ပင်ဖြစ်သည်။

၂၀၁၃
ဦးပန်းဦး ပါ ၅
နှင့်
ဒေါ်ကျင်ရွှေ ပါ ၅

မူလရုံးအမှုတွဲ နေ့စဉ်မှတ်တမ်းအရ ရောင်းချသည့်နေ့မှာ ၂၀-၁၂-၂၀၁၀ ရက်နေ့ဖြစ်၍ ၄-၁-၂၀၁၁ နေ့တွင် ကျန်ငွေ ၇၅ ရာခိုင်နှုန်းကို တရားနိုင်တို့ကပေးသွင်းရမည်ဖြစ်သည်။ သို့ရာတွင် တရားနိုင်များသည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၈၅ အရ ပေးသွင်းရမည့်နေ့ရက်တွင် ပေးသွင်းခဲ့ခြင်းမရှိပေ။ ၎င်းပြင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးက ပေးသွင်းခွင့်ပြုသည့် ၁-၃-၂၀၁၂ ရက်နေ့တွင်လည်း ပေးသွင်းခဲ့ခြင်းမရှိပေ။

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၈၅ တွင် ဖော်ပြပါရှိသည့်ကာလအတွင်း ပေးသွင်းရန် ပျက်ကွက်သောအခါ တရားရုံးသည် သင့်သည်ထင်မြင်လျှင် ရောင်းချရာတွင် ကုန်ကျသည့်စရိတ်နှုတ်ယူပြီးနောက်ပေးသွင်းငွေကို အစိုးရဘဏ္ဍာငွေအဖြစ် သိမ်းယူနိုင်ကြောင်းနှင့် ယင်းပစ္စည်းကို ပြန်လည်ရောင်းချရမည်ဖြစ်ကြောင်း အထက်ပါဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၈၆ တွင် ပြဋ္ဌာန်းထားသည်။

ယခုအမှုတွင် တရားနိုင်များသည် လေလံတင်ရောင်းချသောပစ္စည်းကို ဝယ်ယူခဲ့သည်ဆိုသော်လည်း ဒီကရီအရ ၎င်းတို့ရထိုက်သောငွေကျပ်သိန်း ၅၀ ကို ခုနှိမ်ခွင့်ရပြီးဝယ်ယူသည့်အဖိုးငွေ၏ ၂၅ ရာခိုင်နှုန်းကိုပေးသွင်းခြင်းမှ ကင်းလွတ်ခွင့်ရထားသူများဖြစ်သည်။ လေလံဆွဲဝယ်သူတရားနိုင်များသည် လေလံပစ္စည်းကိုဝယ်ယူရာတွင် တရားရုံးသို့ ငွေကြေးတစ်စုံတစ်ရာ ပေးသွင်းထားခဲ့ခြင်းမရှိပေ။ ခုနှိမ်ခြင်းနှင့် ငွေပေးသွင်းခြင်းသည် တူညီခြင်းမရှိပေ။ ခုနှိမ်ခြင်းဆိုသည်မှာ ဒီကရီကျငွေကို ဝယ်ယူသည့်အဖိုးငွေနှင့်ခုနှိမ်ခြင်းဖြစ်သည်။ ယင်းသို့ခုနှိမ်

၂၀၁၃
ဦးပန်းဦး ပါ ၅
နှင့်
ဒေါ်ကျင်ရွှေ ပါ ၅

ခွင့်ပြုပါက ဒီကရီအတည်ပြုသည့် တရားရုံးသည် ဒီကရီတစ်ရပ်လုံးကို သို့မဟုတ် တစ်စိတ်တစ်ဒေသ ကျေအေးပြေငြိမ်းကြောင်းကို ယင်းခုနှိမ်ချက်နှင့်အညီရေးမှတ်ရသည်။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၇၂ ကိုကြည့်ပါ။ သို့ဖြစ်ရာ ခုနှိမ်ခြင်းတွင် ငွေပေးခြင်းမရှိကြောင်း မြင်သာသည်။ ပေးသွင်းခြင်းမရှိ၍ အစိုးရဘဏ္ဍာအဖြစ် သိမ်းယူရန် ငွေမရှိပေ။

ခုနှိမ်ခွင့်ပြုသည့်အတွက် တရားနိုင်ရရှိသည့် ဒီကရီတစ်စိတ်တစ်ဒေသ ကျေအေးပြေငြိမ်းသွားပြီးဖြစ်ရာ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးက ခုနှိမ်ခွင့်ပြုခဲ့သော ငွေကျပ်သိန်း ၅၀ ကို အစိုးရဘဏ္ဍာအဖြစ်သိမ်းဆည်းစေရန် အမိန့်ချမှတ်ခြင်းမှာ ထင်ထင်ရှားရှား မှားယွင်းပေသည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၈၅ တွင် ရောင်းချသည့်နေ့မှ တစ်ဆယ့်ငါးရက်ပြည့်မြောက်သည့်နေ့၌ ဝယ်ယူသည့်အဖိုးငွေအပြေအကျေပေးချေရမည်ဟု ပြဋ္ဌာန်းထားရာ ပေးသွင်းရန်ပျက်ကွက်ပါက နည်းဥပဒေ ၈၆ အရ ယင်းပစ္စည်းကို ပြန်လည်ရောင်းချရမည်ဖြစ်သည်။ သို့ဖြစ်ရာ ပစ္စည်းကို ပြန်လည်ရောင်းချရန် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးက အမိန့်ချမှတ်ခြင်းကို ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က အတည်ပြုခြင်းသည် မှားယွင်းမှုမရှိပေ။

ထို့ကြောင့် ဤအယူခံမှုကို တစ်စိတ်တစ်ဒေသခွင့်ပြုသည်။ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ၂၀၁၁ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၂၁၆ ၏ ၁၄-၃-၂၀၁၂ ရက်စွဲပါ အမိန့်နှင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၏ ၂၀၁၂ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၃၂ ၏ ၄-၁၂-၂၀၁၂

၂၀၁၃
ဦးပန်းဦး ပါ ၅
နှင့်
ဒေါ်ကျင်ရွှေ ပါ ၅

ရက်စွဲပါအမိန့်တို့တွင် ခုနှိမ်ခွင့်ပြုခဲ့သော တရားနိုင်၏ ဒီကရီကျငွေ ကျပ် သိန်း ၅၀ ကို အစိုးရဘဏ္ဍာအဖြစ်သိမ်းဆည်းစေရန် အမိန့်ကို ပယ်ဖျက်ပြီး အချင်းဖြစ်ပစ္စည်းကို ပြန်လည်ရောင်းချစေရန်အမိန့်ကို စရိတ်နှင့်တကွအတည်ပြုလိုက်သည်။

ရှေ့နေစရိတ်ကျပ် ၁၀၀၀၀/- သတ်မှတ်သည်။